**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

၂၀၀၉ ခုနှစ်၊ မတ်လ ၉ ရက်

# ထုတ်ကုန်သွင်းကုန်နှင့်ပတ်သက်သော ရက်သတ္တပတ်သတင်းလွှာ ၁/၂၀၀၉

အကြောင်းအရာ။ **မြန်မာ-အိန္ဒိယနယ်စပ်ဒေသများတွင် နယ်စပ်ကုန်သွယ်ရေးအပြင် ပုံမှန်ကုန်သွယ်ရေးသို့ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိသော အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှစ၍ ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ မြန်မာ-အိန္ဒိယနယ်စပ်တွင် အိမ်နီးချင်းအိန္ဒိယနိုင်ငံသို့ နယ်စပ်များဖြစ်သည့် တမူးနှင့်ရိဒ်တို့တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၂။ မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ရန်အတွက်နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့တိုးမြှင့်ဆောင်ရွက်နိုင်ရန် သဘောတူညှိနှိုင်းခဲ့ကြပါသည်။

၃။ သို့ဖြစ်ပါ၍ တမူး-မိုရေး၊ ရိဒ်-ဇိုခေါသာတို့တွင် အခြားနယ်စပ်ကုန်သွယ်ရေးစခန်းများနည်းတူ နယ်စပ်ကုန်သွယ်မှုနည်းလမ်း ပုံမှန်ကုန်သွယ်မှုနည်းလမ်းကိုပါ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုကြောင်းအသိပေးကြေညာလိုက်သည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန